နိဂုံး

ကျွန်တော် မနားမနေ အင်တိုက်အားတိုက် ရိုက်လိုက်သဖြင့် မြတ်ဗုဒ္ဓဒေသနာ တစ်အုပ်လုံးသည် စတင်ရိုက်သည်မှ တစ်လနှင့် နှစ်ရက်အကြာ ယနေ့တွင် ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပေပြီ။ ဤသို့ လက်ဆောင်ကောင်းကို မိတ်ဆွေများသို့ ပေးလိုက်ရခြင်းအတွက်လည်း အလွန် ဝမ်းမြောက်မိပါ၏။ ထို့ထက် ဤစာအုပ်သည် e-mail မှတစ်ဆင့် စာဖတ်သူ ရာပေါင်းများစွာထံသို့ ပျံ့နှံ့သွားမည်ဆိုပါက ကျွန်တော်၏ အားထုတ်မှုမှာ ပိုမို၍ပင် ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါလိမ့်မည်။ မိတ်ဆွေများသည် တစ်နေ့လျှင် နည်းနည်းချင်း သေသေချာချာ ဖတ်သွားနိုင်ပါ၏။ ပြီးပြီးရောမဖတ်ပဲ သေသေချာချာ စာတစ်ပိုဒ်ချင်း ကျကျနန ဖတ်သွားပါရန်၊ ဖတ်ပြီးလျှင်လည်း စဉ်းစားပါရန် တိုက်တွန်းပါ၏။

မြတ်ဗုဒ္ဓဒေသနာ သည် ကျွန်တော်တို့၏ လွဲနေသော အမြင်များကို တည့်မတ်စေသည်။ မှားနေသော အယူများကို မှန်လာစေသည်။ မသိသေးသည်များကို သိမြင်လာစေသည်။ ထို့အတူ မြတ်ဗုဒ္ဓ၏ တရားတော်များအား ပိုမို လေ့လာချင်စိတ်ကို တိုးပွားစေသည်။ တရားတော်အတိုင်း လက်တွေ့လိုက်နာ ကျင့်သုံးလာစေရန် တွန်းအားပေးသည်။ မြတ်ဗုဒ္ဓက လူသားအပေါင်းကို ဘာပေးချင်သနည်း ဆိုသည်ကို မီးမောင်းထိုးပြထားသည်။

ဤ **soft copy** ကို မိမိနှင့် နီးစပ်ရာ အပေါင်းအသင်း၊ မိတ်ဆွေ၊ သူငယ်ချင်းများအားလည်း တတ်အားသရွေ့ မျှဝေလိုက်ပါရန်လည်း မေတ္တာရပ်ခံပါ၏။

ဤစာအုပ်ကိုဖတ်ပြီး မိတ်ဆွေများသည် ဗုဒ္ဓဘာသာဝင် စစ်စစ်များဖြစ်လာကြပါစေကုန်သတည်း။ ထို့အတူ တရားတော်ကို လက်တွေ့လိုက်နာကျင့်သုံးပြီး ပရမတ္ထသစ္စာကို မျက်မှောက် ပြုနိုင်ကြပါစေကုန် သတည်း။


အေးငြိမ်း
၀၄–၁၁–၂၀၀၆
134A, #04-87
Kang Ching Road
Singapore 619062